ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အခွန်အယူခံခုံအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အခွန်အယူခံခုံအဖွဲ့ စာအမှတ်၊ ရက်စွဲ နေပြည်တော်

**ညွှန်ကြားချက်အမှတ် ( ၂ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၂ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကြားနာစစ်ဆေးမှုနှင့်သက်ဆိုင်သည့် လျှောက်ထားချက်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် တစ်ပြေးညီဖြစ်စေရေးနှင့် စနစ်တကျဖြစ်စေရေးတို့အတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ အခွန်အယူခံခုံအဖွဲ့သို့ အမှုတင်သွင်းလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၁၉ ၊ ပုဒ်မခွဲ (က) နှင့်အညီ အမှုတင်သွင်းသူက အသုံးပြုရမည့် သတ်မှတ်ပုံစံများကို အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

၃။ အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခုံအဖွဲ့သို့ အမှုတင်သွင်း လျှောက်ထားရာတွင် အမှုတင်သွင်းသူက ဖြည့်စွက်လျှောက်ထားချက် တင်သွင်းခြင်း၊ ရုံးချိန်းရက်လာရောက်ရန် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍လျှောက်ထားခြင်း၊ အမှုတွဲကြည့်ရှုခွင့်လျှောက်ထားခြင်း၊ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့် ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ပြေးညီဖြစ်စေရေးနှင့် စနစ်တကျဖြစ်စေရေးတို့အတွက် ဤညွှန်ကြားချက်ဖြင့် ပုံစံများကို သတ်မှတ်လိုက်သည်-

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| (က) | ထပ်မံဖြည့်စွက် လျှောက်ထားချက် | အခယ (အခြား) - ၁ |
| ( ခ ) | အမှုသည်များ လာရောက်မှု မရှိခြင်းကြောင့် ပလပ်ကြောင်းချမှတ်သည့် အမိန့်ကို ပယ်ဖျက်၍ ဆက်လက်စစ်ဆေး ဆောင်ရွက်ပေးနိုင်ပါရန် လျှောက်ထားချက် | အခယ (အခြား) - ၂ |
| ( ဂ ) | အမှုတွဲ ကြည့်ရှုခွင့် လျှောက်ထားလွှာ | အခယ (အခြား) - ၃ |
| (ဃ) | ကိုယ်စားလှယ်လွှဲစာ (ကုမ္ပဏီ / အစုအစပ်လုပ်ငန်း) | အခယ (အခြား)- ၄(က) |
| (င) | ကိုယ်စားလှယ်လွှဲစာ (တစ်ဦးချင်းလူပုဂ္ဂိုလ်) | အခယ (အခြား) - ၄(ခ) |

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| (စ) | ကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားခြင်း | အခယ (အခြား) - ၅ |

၂၅.၈.၂၅

မြင့်ဦး

ဥက္ကဋ္ဌ

စာအမှတ် ၊ အခယ (ဖွဲ့) / ၆ / ၀၃ ( ၁၅၆ /၂၀၂၅)

ရက် စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

**ဖြန့်ဝေခြင်း**

ဥက္ကဋ္ဌ(ရုံးခန်း)၊ အခွန်အယူခံခုံအဖွဲ့

အဖွဲ့ဝင်များ ၊ အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ် ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ် ၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

မှတ်ပုံတင်အရာရှိ ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ကြော်ငြာသင်ပုန်း

**မိတ္တူကို**

- ရုံးလက်ခံ
- မျှောစာတွဲ

**ထပ်မံဖြည့်စွက် လျှောက်ထားချက်**
**[ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၁၀ ]**

အခွန်အယူခံခုံအဖွဲ့ ရုံးတော်
၂၀ --- ခုနှစ်။ ----------- ၊ ----------- မှု အမှတ် ( --- )

| | | |
|---|---|---|
| အမည်<br>နိုင်ငံသားစိစစ်ရေးအမှတ်<br>လိပ်စာ | -------- | လျှောက်ထားသူ |
| | နှင့် | |
| အမည်<br>လိပ်စာ | -------- | လျှောက်ထားခံရသူ |

**------------------------------------------- ၏ ------------ နေ့စွဲပါ အမိန့်အမှတ် ------------------ အပေါ် ------------ မှု လျှောက်ထားခြင်း**

အထက်ပါအမှုနှင့်စပ်လျဉ်း၍ ----------- ရက်နေ့တွင် လျှောက်ထားသူ က အခွန်အယူခံခုံအဖွဲ့သို့ လျှောက်ထားချက် တင်ပြခဲ့ရာတွင် အမှုနှင့် စပ်လျဉ်းသည့် အချက်အလက် အထောက်အထားများ ပိုမို ပြည့်စုံစွာ ထည့်သွင်းသုံးသပ်နိုင်ရန်အတွက် အောက်ပါအတိုင်း ဖြည့်စွက် လျှောက်ထား တင်ပြအပ်ပါသည်-

ဖြည့်စွက်လျှောက်ထားချက်များ

၁။ -------------------------------------------------------------------------------------------------------------------------- ။

၂။ -------------------------------------------------------------------------------------------------------------------------- ။

(လက်မှတ်)
လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်အမည်
နိုင်ငံသားစိစစ်ရေးအမှတ် (သို့) ရှေ့နေဖြစ်ပါက လိုင်စင်အမှတ်
ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ
ဆက်သွယ်ရန်ဖုန်းအမှတ်

ရက်စွဲ။ ၂၀--- ခုနှစ်၊ ------------ လ ----- ရက်။

**မှတ်ချက်။** လျှောက်ထားချက်တွင် **အမှုအကြောင်းခြင်းရာနှင့်ဆက်စပ်သည့်** အချက်အလက် တစ်စုံတစ်ရာ ထပ်မံဖြည့်စွက်ရန် အကြောင်းပေါ်ပေါက်ပါက အမှု ကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်း မထုတ်ပြန်မီ တင်ပြလျှောက်ထားရန်နှင့် ကြိုတင်သတိပေး အမှုခေါ်စာရင်း ထုတ်ပြန် ပြီးသည့် နောက်တွင်မှ တင်ပြချက်အသစ် ပေးပို့ခြင်း သို့မဟုတ် ကြားနာသည့်အခါ ထည့်သွင်း လျှောက်လဲခြင်းကို ခွင့်ပြုမည် မဟုတ်ပါ။

**အမှုသည်များ လာရောက်မှု မရှိခြင်းကြောင့် ပလပ်ကြောင်း ချမှတ်သည့် အမိန့်ကို ပယ်ဖျက်၍ ဆက်လက်စစ်ဆေး ဆောင်ရွက်ပေးနိုင်ပါရန် လျှောက်ထားချက်**

**[ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၂၉ ]**

အခွန်အယူခံခုံအဖွဲ့ ရုံးတော်

၂၀ --- ခုနှစ်။ ----------- ၊ ----------- မှု အမှတ် ( --- )

| | | |
|---|---|---|
| အမည်<br>နိုင်ငံသားစိစစ်ရေးအမှတ်<br>လိပ်စာ | -------- | လျှောက်ထားသူ |
| | နှင့် | |
| အမည်<br>လိပ်စာ | -------- | လျှောက်ထားခံရသူ |

**------------------------------------------ ၏ ------------ နေ့စွဲပါ အမိန့်အမှတ် ------------------ အပေါ် ------------ မှု လျှောက်ထားခြင်း**

လျှောက်ထားသူအား ရုံးတော်မှ ၂၀-- ခုနှစ်၊ ------------လ၊ ----- ရက် (----------) တွင် လာရောက်ရန် ချိန်းဆိုးထားပါသည်။ လျှောက်ထားသူ သည် ရုံးတော်မှ ချိန်းဆိုထားသည့် ရုံးချိန်းနေ့ရက်တွင် လာရောက်ရန် ဖြစ်သော်လည်း ရုံးတော်သို့ လာရောက်နိုင်ခြင်း မရှိဘဲ ပျက်ကွက်ခဲ့ရပါသည်။ ရုံးတော်က ကြားနာစစ်ဆေးရန် အမှုခေါ်သည့်နေ့ရက်တွင် ပျက်ကွက်ခဲ့ရခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ကျိုးကြောင်းဖော်ပြ လျှောက်ထား တင်ပြအပ်ပါသည်-

ကြားနာစစ်ဆေးရန် အမှုခေါ်သည့်နေ့ ပျက်ကွက်ရခြင်းအတွက် ကျိုးကြောင်းရှင်းလင်းတင်ပြချက်

၁။ ------------------------------------------------------------------------------------------- ။

၂။ သို့ဖြစ်ပါ၍ လျှောက်ထားသူတင်ပြသော အကြောင်းပြချက်များကို လက်ခံ၍ ခုံအဖွဲ့က ------------ ရက်နေ့တွင် အမှုသည်များ မလာရောက်သော အကြောင်းကြောင့် အမှုကို ပလပ်ကြောင်း ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်၍ အမှုကို ဆက်လက်စစ်ဆေး ဆောင်ရွက်ပေးနိုင်ပါရန် ရုံးတော်သို့ ရိုသေစွာ လျှောက်ထားအပ်ပါသည်။

(လက်မှတ်)
လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်အမည်
နိုင်ငံသားစိစစ်ရေးအမှတ် (သို့) ရှေ့နေဖြစ်ပါက လိုင်စင်အမှတ်
ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ
ဆက်သွယ်ရန်ဖုန်းအမှတ်

ရက်စွဲ။ ၂၀--- ခုနှစ်၊ ----------- လ ----- ရက်။

**မှတ်ချက်။** အမှုသည်များ လာရောက်မှု မရှိခြင်းကြောင့် ပလပ်ကြောင်း ချမှတ်ထားသည့် အမိန့်တွင် ဖော်ပြထားသည့် သတ်မှတ်ကာလအတွင်း လျှောက်ထားတင်ပြရမည်။ သတ်မှတ်ကာလ ကုန်ဆုံးပြီးနောက်မှ လျှောက်ထားခြင်းကို ခွင့်ပြုမည် မဟုတ်ပါ။

ရုံးခွန်တံဆိပ်ခေါင်းကပ်ရန်

အခယ (အခြား) - ၃

**အမှုတွဲ ကြည့်ရှုခွင့် လျှောက်ထားလွှာ**

**[ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၃၆ ]**

သို့

ဥက္ကဋ္ဌ
အခွန်အယူခံခုံအဖွဲ့
နေပြည်တော်

အကြောင်းအရာ။ **အမှုတွဲ ကြည့်ရှုခွင့် ပြုပါရန် လျှောက်ထားခြင်း**

အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့က ကြားနာ၍ စီရင်ချက်အမိန့် ချမှတ်ပြီးဖြစ်သည့် လျှောက်ထားသူ ----------------- နှင့် လျှောက်ထားခံရသူ --------------------- တို့၏ ၂၀-- ခုနှစ်၊ ------------- မှု၊ အမှတ် -----၊ အမှုတွင် လျှောက်ထားသူ/လျှောက်ထားခံရသူ သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် အကျိုးဆောင်ရှေ့နေ ဖြစ်သူ ကျွန်တော်/ကျွန်မ ---------------- မှ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုလိုပါသဖြင့် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်-

( က ) ----------------------------------------------------------------- ၊ ( ခ ) ----------------------------------------------------------------- ၊

( ဂ ) ----------------------------------------------------------------- ၊

လက်မှတ် ---------------------
အမည် ---------------------
နိုင်ငံသားစိစစ်ရေးအမှတ် ---------------------
ဆက်သွယ်ရန်ဖုန်းနံပါတ် ---------------------
အမှုနှင့်မည်သို့သက်ဆိုင်သည် -----------------

---

အမှုတွဲကြည့်ရှုခွင့် လျှောက်ထားချက်အပေါ် ခုံအဖွဲ့ဝင်များ၏ သဘောထားများအရ ကြည့်ရှုခွင့် ခွင့်ပြု/ မပြုကြောင်း ဆုံးဖြတ်သည်။

ဥက္ကဋ္ဌ
အခွန်အယူခံခုံအဖွဲ့

| အထူးကိုယ်စားလှယ်လွှဲစာအတွက်<br>ထိုက်သင့်သည့် တံဆိပ်ခေါင်းကပ်ရန် |
|---|

အခယ (အခြား) - ၄(က)

**အထူးကိုယ်စားလှယ်လွှဲစာ**

**[ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၃၈ နှင့် ၃၉ ]**

Company Letter Head

ရက်စွဲ။

သို့

ဥက္ကဋ္ဌ
အခွန်အယူခံခုံအဖွဲ့
နေပြည်တော်

အကြောင်းအရာ။ **အထူးကိုယ်စားလှယ် လွှဲအပ်ခြင်း**

အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ………………… Co., Ltd (ကုမ္ပဏီမှတ်ပုံတင် အမှတ်……………………..) သည် ………………... ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကုမ္ပဏီ ဒါရိုက်တာ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ အခွန်အယူခံ ခုံအဖွဲ့သို့ ကုမ္ပဏီက တင်သွင်းလျှောက်ထားသော ………………….. အမှုနှင့် စပ်လျဉ်း၍ လာရောက်ခြင်း (Appearances)၊ လျှောက်ထားခြင်း(Applications)၊ ဆောင်ရွက်ခြင်း(Acts) တို့ကို ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ……………..... Co., Ltd ၏ ………………………….. ဖြစ်သူ၊ ဦး/ဒေါ် …………….. (နိုင်ငံသားစိစစ်ရေးအမှတ် ………………………..) အား ဤအထူးကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ပါသည်။ ကုမ္ပဏီ၏ ကိုယ်စားလှယ်ဖြစ်သူက ဆောင်ရွက်ချက်များသည် ကုမ္ပဏီက ဆောင်ရွက်သကဲ့သို့ ဖြစ်ကြောင်း ထောက်ခံအတည်ပြု၍ အောက်ဖော်ပြပါ အသိသက်သေဖြစ်သော ဒါရိုက်တာအဖွဲ့ဝင် ရှေ့မှောက်တွင် လက်မှတ်ရေးထိုး လွှဲအပ်ပါသည်။

**အသိသက်သေ ဒါရိုက်တာအဖွဲ့ဝင်များ**

၁။ လက်မှတ် -----------------------------
အမည် -----------------------------
နိုင်ငံသားစိစစ်ရေးအမှတ် -----------------------------
လိပ်စာ -----------------------------

လက်မှတ် -----------------------------------------------------------
**ကိုယ်စားလှယ်လွှဲစာ ပေးအပ်သူ**

လက်မှတ် -----------------------------------------------------------
**ကိုယ်စားလှယ်လွှဲစာ လက်ခံသူ**

၂။ လက်မှတ် -----------------------------
အမည် -----------------------------
နိုင်ငံသားစိစစ်ရေးအမှတ် -----------------------------
လိပ်စာ -----------------------------

---

စာချုပ်စာတမ်းမှတ်ပုံတင်ရုံး သို့မဟုတ် နိုတြီပတ်ဘလစ်၏ မှတ်ပုံတင်အမှတ်၊ ရက်စွဲ၊ ရုံးတံဆိပ်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ သို့မဟုတ် နိုတြီပတ်ဘလစ်၏ လက်မှတ် ရေးထိုးချက်များ ဆောင်ရွက်ရန်

အထူးကိုယ်စားလှယ်လွှဲစာအတွက်
ထိုက်သင့်သည့် တံဆိပ်ခေါင်းကပ်ရန်

အခယ (အခြား) - ၄(ခ)

**အထူးကိုယ်စားလှယ်လွှဲစာ**

**[ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၃၈ နှင့် ၃၉ ]**

ရက်စွဲ။

ကိုယ်စားလှယ်လွှဲအပ်သူ ------------------------------------------------------------------------------------------------------------------------------------------------------------------------

ကိုယ်စားလှယ်လွှဲအပ်ခံရသူ ------------------------------------------------------------------------------------------------------------------------------------------------------------------------

ကိုယ်စားလှယ်လွှဲအပ်သူ --------------- က အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားသော -------------- အမှုနှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင် လာရောက်ရန် ခုံအဖွဲ့က ဆင့်ဆိုခြင်းမှတစ်ပါး ခုံအဖွဲ့သို့ လာရောက်ခြင်း (Appearances)၊ လျှောက်ထားခြင်း (Applications)၊ ဆောင်ရွက်ခြင်း(Acts) တို့ကို ဥပဒေနှင့်အညီ တရားဝင် လုပ်ကိုင် ဆောင်ရွက်နိုင်ရန် --------------------- အား ဤအထူးကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ပါသည်။

ကိုယ်စားလှယ်ဖြစ်သူ၏ ဆောင်ရွက်ချက်များသည် မိမိကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ ဖြစ်ကြောင်း ထောက်ခံ အတည်ပြု၍ အောက်ဖော်ပြပါ အသိ သက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး လွှဲအပ်ပါသည်။

အမှုအမျိုးအမည် ----------------------------------------------------------------------------------------------------------

လျှောက်ထားသူ ----------------------------------------------------------------------------------------------------------

လျှောက်ထားခံရသူ ----------------------------------------------------------------------------------------------------------

**အသိသက်သေများ**

၁။ လက်မှတ် ------------------------------

အမည် ------------------------------

နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------

လိပ်စာ ------------------------------

၂။ လက်မှတ် ------------------------------

အမည် ------------------------------

နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------

လိပ်စာ ------------------------------

လက်မှတ် ----------------------------------------------------------------

**ကိုယ်စားလှယ်လွှဲစာ ပေးအပ်သူ**

လက်မှတ် ----------------------------------------------------------------

**ကိုယ်စားလှယ်လွှဲစာ လက်ခံသူ**

---

စာချုပ်စာတမ်းမှတ်ပုံတင်ရုံး သို့မဟုတ် နိုတြီပတ်ဘလစ် ၏ မှတ်ပုံတင်အမှတ်၊ ရက်စွဲ၊ ရုံးတံဆိပ် နှင့် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ သို့မဟုတ် နိုတြီပတ်ဘလစ်၏ လက်မှတ် ရေးထိုးချက်များ ဆောင်ရွက်ရန်

အခယ (အခြား) - ၅

## ကိုယ်စားလှယ်လွှဲစာအား ပြန်လည် ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားခြင်း
## [ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၄၃ ]

အခွန်အယူခံခုံအဖွဲ့ ရုံးတော်
၂၀ --- ခုနှစ်။ ----------- ၊ ------------ မှု အမှတ် ( --- )

အမည်
နိုင်ငံသားစိစစ်ရေးအမှတ် -------- လျှောက်ထားသူ
လိပ်စာ

နှင့်

အမည် -------- လျှောက်ထားခံရသူ
လိပ်စာ

## ကိုယ်စားလှယ်လွှဲစာအား ပြန်လည် ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားခြင်း

၁။ အထက်ပါအမှုတွင် လျှောက်ထားသူ/လျှောက်ထားခံရသူ၏ အကျိုးဆောင်/ဌာနကိုယ်စားလှယ်အဖြစ် တရားလွှတ်တော်ရှေ့နေ/အထက်တန်းရှေ့နေ/----------------ဖြစ်သူ--------------------ကိုလွှဲအပ်ပါကြောင်း ကိုယ်စားလှယ် လွှဲအပ်စာကို ရုံးတော်သို့တင်သွင်း၍ လိုက်ပါဆောင်ရွက်စေခဲ့ပါသည်။ ယခုအခါ အကျိုးဆောင်/ဌာနကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားသူ တရားလွှတ်တော်ရှေ့နေ/အထက်တန်းရှေ့နေ/----------------------ဖြစ်သူ----------------------သည် ------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------သောကြောင့် ကိုယ်စားလှယ်လွှဲအပ်စာ အား ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

(အမည်)
နိုင်ငံသားစိစစ်ရေးအမှတ် (သို့မဟုတ်)
ရှေ့နေဖြစ်ပါက လိုင်စင်အမှတ်
ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ
ဆက်သွယ်ရန်ဖုန်းအမှတ်

ရက်စွဲ၊ --------------------